မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဧပြီဝင်ဘာလ ၃၀ရက်က စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄၇) ၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် ၊ ၂၀-၁၁-၂၀၂၆ ၊ သောကြာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်အတွင်းရှိ အဂ္ဂါမိဝတီ သာသနာ့ဓိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ဦးစီးပဓာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယနေ့ဖတ်စရာ အညွှန်း

၂၀၂၆ ခုနှစ်အတွက် မေဂျာလိဂ် ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆုကို ဂရုစိုက်မန်းဆွတ်ခူး

စာမျက်နှာ ၁၁

အမျိုးသားကန်တော်ကြီး ပန်းပွဲတော် ဒီဇင်ဘာ ၄ ရက် စတင်မည်

စာမျက်နှာ ၁၃

မန္တလေးဆိုတာ နန်းတော်၊ စေတီပုထိုးတွေသာမက မြန်မာ့ယဉ်ကျေးမှုနှင့် လက်မှုပညာတို့ ရှင်သန်ရာ မြို့တော်(ဆောင်းပါး)

စာမျက်နှာ ၁၄

နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၉

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"အက်ဗန်"သည်

စာမျက်နှာ ၅ သို့ ✻



တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများအဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး မြို့ကြီးများတွင် ဆီတင်ယာဉ်များ အရန်သင့်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှုများပြားနိုင်သည့် ရန်ကုန်-ပဲခူး-နေပြည်တော်-မန္တလေး အမြန်လမ်း၊ ရန်ကုန်-ပုသိမ်-ချောင်းသာ-ငွေဆောင်လမ်း၊ သာစည်-ကလော-အင်းလေး-တောင်ကြီးလမ်း၊ မန္တလေး-မိတ္ထီလာ-ကျောက်ပန်းတောင်း-ပျဉ်းမနား-ပုဂံလမ်း၊ မန္တလေး-ပြင်ဦးလွင် လမ်းနှင့် ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းကြောင်းများပေါ်ရှိ စက်သုံးဆီ

စာမျက်နှာ ၄ သို့ ❖



မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၉

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ၈လ

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူစွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

လုပ်ငန်းရှင်များအတွက် QR Shop Marketplace နှင့် Barcode စနစ် အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၉

လုပ်ငန်းရှင်များအတွက် QR Shop Marketplace နှင့် Barcode စနစ်အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံ ဖြိုနယ် အောင်မြင်ခြင်းဟိုတယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် B'Smart Myanmar တို့ ပူးပေါင်းကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဇိုလ်၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ B'Smart Myanmar မှတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး အမှာစကားပြောကြားရာ၌ ယနေ့ဒီဂျစ်တယ်ခေတ်နှင့်အညီ အသေးစားစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် နည်းပညာအသုံးပြုမှုကို မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ 'QR Shop Marketplace System'ကို အသုံးပြုခြင်းအားဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ဒီဂျစ်တယ်ပလက်ဖောင်းပေါ်တွင် ပြသမိတ်ဆက်နိုင်ခြင်း၊ ဝယ်ယူသူများနှင့် ပိုမိုလွယ်ကူစွာ ချိတ်ဆက်နိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေစေခြင်းနှင့် QR စနစ်မှတစ်ဆင့် ငွေပေးချေမှုများကို လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ သက်ဆိုင်ရာဌာနများ၊ နည်းပညာဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် လက်တွေ့လိုအပ်ချက်များ၊ အခက်အခဲများကို ဖော်ထုတ်ဖြေရှင်းနိုင်ရန် ဆွေးနွေးပွဲမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အသိပညာပေးကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ပြီး B'Smart Myanmar Co-Founder & CEO ဦးအောင်ညီမော်က QR Shop Marketplace နှင့် Barcode စနစ်အကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများကလည်း QR Shop Marketplace နှင့် Barcode စနစ်တို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

o-o-o-o-o-o

o-o-o-o

၂၀၂၆ ခုနှစ်၊ နိဝင်ဘာ ၂၀ ရက်၊ သောကြာနေ့။

မြဝတီ

ကာယနှင့် အားကစားပညာကို ထိရောက်စွာ သင်ကြားပို့ချနိုင်ရန် ဆောင်ရွက်လျက်ရှိ

အခြေခံပညာကျောင်းများတွင် ကာယပညာနှင့် အားကစားပညာကို ထိရောက်စွာ သင်ကြားပို့ချနိုင်ရန်အတွက် ဆရာ၊ ဆရာမများကိုယ်တိုင် ကာယပညာနှင့် အားကစားဆိုင်ရာ သီအိုရီ၊ လက်တွေ့ကျွမ်းကျင်မှုနှင့် သင်ကြားနည်းစနစ်သစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားရန်လိုကြောင်း ယမန်နေ့နံနက်ပိုင်းက တောင်ငူ ပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည့် ကာယပညာနှင့် အားကစား ဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကာယနှင့် အားကစားပညာရပ်ဆိုင်ရာ အသိပညာ၊ လက်တွေ့ကျွမ်းကျင်မှု သင်ကြားနည်းစွမ်းရည်၊ စီမံခန့်ခွဲနိုင်စွမ်းတို့ကို တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆရာ၊ ဆရာမများ၏ ကာယပညာနှင့် အားကစားဆိုင်ရာ အသိပညာကျွမ်းကျင်မှုကို သင်ကြားပို့ချနိုင်စွမ်းမြှင့်တင်ရန်နှင့် အခြေခံပညာမှ ကျောင်းသား။ ကျောင်းသူများအား ကာယနှင့် အားကစားနည်းများသင်ကြားပေးမည့် အလယ်တန်းပြနှင့် အထက်တန်းပြ ဆရာ၊ ဆရာမများအတွက် ယခုသင်တန်းကို ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း။ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကျောင်းများသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ကျောင်းသား၊ ကျောင်းသူများကို ထိရောက်စွာ လက်ဆင့်ကမ်းသင်ကြားပေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှ သင်တန်းသား ၂၀၀ တက်ရောက်လျက်ရှိပြီး ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာဦးစီးဌာနတို့မှ အပြီးစားပညာရှင် ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများက သင်ကြားပို့ချလျက်ရှိကာ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ပြေးခုန်ပစ်နှင့် ဘောလုံးစသည့် အားကစားနည်းခုနစ်နည်းကိုလည်း စာတွေ့၊ လက်တွေ့ သင်ယူကြရမည်ဖြစ်သည်။ ဒုတိယဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများအား ထောက်ပံ့ငွေများပေးအပ်၍ လက်တွေ့သင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းပရဝတ်အတွင်းရှိ စာသင်ဆောင်များ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာမှုရှိစေရေးနှင့် ဘောလုံးကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးအထိ ပညာသင်ယူခွင့်များ ပိုမိုရရှိစေရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး တိုးချဲ့ဖော်ဆောင်ရေး၊ သင်ကြားရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များ ကိုက်ညီစေရေး၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အတူ အားကစားကဏ္ဍာကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိရာ ကာယပညာနှင့် အားကစားပညာကို ထိရောက်စွာ သင်ကြားပို့ချနိုင်ရေး သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်။ ပညာရေးဆိုသည်မှာ စာပေသင်ကြားပေးရုံဖြင့်မပြီးဘဲ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စိတ်နှစ်ပါးကျန်းမာကြွံခိုင်ပြီး စည်းကမ်းရှိသည့် လူငယ်များဖြစ်လာရန်လည်း လိုအပ်မည်ဖြစ်သည်။ အားကစားလှုပ်ရှားမှုများသည် ကျန်းမာရေးကောင်းမွန်စေရုံသာမက စည်းကမ်းလိုက်နာမှု၊ ဇွဲ၊ လုံ့လ၊ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်မှုနှင့် တာဝန်ယူမှုစိတ်ဓာတ်များကိုပါ ပျိုးထောင်ပေးနိုင်သည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများကို ပညာရည်သာမက ကိုယ်ကာယကြံခိုင်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုတို့ပါ ပြည့်စုံလာစေရေး အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများတွင် ပါဝင်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေဖွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဓနိယာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း ရာဇဓေနီ သာမဏေကျောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇောဘာသထံ ကထိန်လှာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ ရှေ့ဖုံးမှ

ဒေါက်တာ ဘဒ္ဒန္တ ဓနိယာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပဉ္စဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရိုးနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးအမှူးပြုသော ဧည့်ပရိသတ်များသည် လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဏွာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရာဇဓေနီ သာမဏေကျောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇောဘာသထံ ကထိန်လှာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိ စာသင်တိုက် ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသထံလည်းကောင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသောဧည့်ပရိသတ်များက လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြစဉ်။



ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၃ မှ

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ် ဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့် နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင် ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ တိသာတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ဓမ္မသမိဿိ ကျောင်း ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၈ ပင်၊ တန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော်နှင့် လှူဒါန်းငွေကျပ် သိန်းပေါင်း ၁၆၇၁ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် သိန်းပေါင်း ၂၇၁၇ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ခုတိယသမ္မတ ဒေါ်နန်းခိုခိုအေး နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပြည်ထောင်စု ရွှေကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



❖ တန်ဆောင်တိုင်မှ

အရောင်းဆိုင်များတွင် အများပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် လိုအပ်သည့်စက်သုံးဆီများကို အဖြန်ဖြည့်တင်းရောင်းချပေးနိုင်ရန် စက်သုံးဆီတင်ယာဉ်များ ဖြင့် တစ်နိုင်ငံလုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ဖြည့်တင်းထားရှိပြီးဖြစ်သည့်အပြင် အရန်ဆီများ ကြိုတင်ထားရှိ စီမံဆောင်ရွက်ထားရှိပြီးဖြစ်သည်။

အများပြည်သူတို့အနေဖြင့် စက်သုံးဆီများကို မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဝယ်ယူသုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr.Indra Mani Pandey က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ဝိုရီ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်းမ်းစတက်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်သည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနက် ကုန်းတွင်းဝိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးဒဏ် ကာကွယ်တားဆီးရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပိုင်းဝန်းကူညီဆောင်ရွက်သင့်သည့် အခြေအနေများ၊ မကြာမီကျရောက်တော့မည့် ဘင်းမ်စတက်အဖွဲ့ တည်ထောင်မှု နှစ် (၃၀) ပြည့် အခမ်းအနားကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အစိုးရများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr.Indra Mani Pandey လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

ရင်းရင်းနှီးနှီးနွှေးဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr.Indra Mani Pandey အား ရင်းရင်းနှီးနှီးနွှေးဆက်စဉ်။



*** နေရာကွက်ကျားမှ**

မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက်ရေမိုင် ၄၇၀ ခန့်၊ အိန္ဒိယနိုင်ငံဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၀၀ ခန့်နှင့် ပူရီမြို့၏ တောင်ဘက် ရေမိုင် ၂၉၅ မိုင် ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအား၊ လေတိုက်နှုန်းနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၄.၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅.၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။

နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ဩရိသဖြည်နယ် တောင်ပိုင်းဖြစ်ရမည် အစီအစဉ်ဖြင့် ပုံပြင်ပြောပြင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။



၁၉-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"(AKVAN)လမ်းကြောင်းပြမြေပုံ။

ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်" သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ဩရိသဖြည်နယ် တောင်ပိုင်းဖြစ်ရမည် အစီအစဉ်ဖြင့် ပုံပြင်ပြောပြင်ပွဲကို ကျင်းပရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာမျိုးမာန်၏သူများ မကောင်းကြံကိုယ့်ဘေးဒဏ်ထိ ပုံပြင်ဖြင့် စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာခဲ့ကြပြီး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရှခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ပုံပြင်ပြောပြိုင်ပွဲကျင်းပ

နောင်ချို နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်တွင် (My Library, My World) ကမ်ပိန်းအစီအစဉ်ဖြင့် ပုံပြင်ပြော ပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိစိုး က ကမ်ပိန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကလေးတိုင်း စာဖတ်သူ (My Library ,My World) ကမ်ပိန်းအစီအစဉ်ဖြင့် နောင်ချို မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဦးဝင်းထိန် နှင့် ဒုတိယဝန်ကြီးချုပ် ဗိုလ်မှူးကြီး ဦးဆောင်းပြည့်ဦး အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဦးဝင်းထိန် နှင့် ဒုတိယဝန်ကြီးချုပ် ဗိုလ်မှူးကြီး ဦးဆောင်းပြည့်ဦး တို့အား ယနေ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်သံအမတ်ကြီးကို မိမိတို့ပြည်သူ့လွှတ်တော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပထမဆုံးခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်မှစ၍ ထူထောင်ခဲ့ကြပြီး နှစ်နိုင်ငံသံရုံးများ အပြန်အလှန် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားရာတွင် ယခုလိုတွေ့ဆုံခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုသာမက လွှတ်တော်အချင်းချင်း၊ ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးနှင့် အပြန်အလှန် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အဖြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေး ခရီးစဉ်များနှင့် အတွေ့အကြုံ အမြင်ချင်းဖလှယ်ရေး ဆိုင်ရာကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မိမိတို့နှစ်နိုင်ငံ၏ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်၏ ပြောကြားချက်များကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ယခုမှ စတင်ထူထောင်ကြသော်လည်း ကုလသမဂ္ဂ၊ ဘက်မလိုက်အဖွဲ့၊ WTO၊ IPU တို့တွင် အတူပါဝင်ခဲ့ကြသူများဖြစ်၍ မိတ်ဆွေနိုင်ငံများပင်ဖြစ်ကြသည်ဟု ဆိုနိုင်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ မိမိတို့နိုင်ငံ၏ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ တိုးမြှင့်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း၊ လွှတ်တော်ရေးရာကော်မတီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ပါတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် အဆွေတော်၏ ကမ်းလှမ်းပြောကြားချက်များကို အထူးကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ စတင်နိုင်ရန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလို သံတမန်အတွေ့အကြုံကြွယ်ဝသည့် သံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် မိမိတို့နှစ်နိုင်ငံ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံရုံးယာယီတာဝန်ခံ/ အကြီးတန်းသံမှူး Mr. Aleh Holubeu အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၉

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် နေပြည်တော် အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ် သံရုံးမှ သံရုံးယာယီတာဝန်ခံ/ အကြီးတန်းသံမှူး Mr. Aleh Holubeu အား ယနေ့မွန်းလွဲ ၃ နာရီတွင် ရုံးအမှတ် (၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဘယ်လာရုစ် နိုင်ငံ၌ ကျင်းပခဲ့သည့် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ စက်မှုပြပွဲသို့ တက်ရောက်စဉ် ဆွေးနွေးခဲ့သည့် နှစ်နိုင်ငံ သဘောတူညီ ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်တာများ ပိုမိုတိုးတက်စေရေး အတွက် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့် သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ကလေးများနေ့သည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (Convention on the Rights of the Child – CRC) ကို အတည်ပြုခဲ့သည့် (၃၇) နှစ်မြောက် အထိမ်းအမှတ်နေ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ကလေးတိုင်း၏ အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန် နိုင်ငံတကာအသိုက်အဝန်းအား ပြန်လည်သတိပေးသည့် နေ့တစ်နေ့လည်းဖြစ်ပါသည်။

၂။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"My Day, My Rights, My Future"** သည် ကလေးများ၏ နေ့စဉ်ဘဝ၊ ၎င်းတို့ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့် အနာဂတ် မျှော်မှန်းချက်များအကြား ဆက်စပ်မှုကို ထင်ဟပ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ကလေးများသည် အနာဂတ်၏ ခေါင်းဆောင်များသာမက ယနေ့လူ့အဖွဲ့အစည်း၏ အရေးပါသူများလည်းဖြစ်ကြသဖြင့် ကလေးများ၏ အသံ၊ အမြင်နှင့် ဆန္ဒများကို နားထောင်ပေးရန်နှင့် ၎င်းတို့၏ ဘဝနှင့် အနာဂတ်ကို သက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးရန် အရေးကြီးပါသည်။

၃။ ကမ္ဘာတစ်ဝန်းရှိ ကလေးများစွာသည် ဆင်းရဲနွမ်းပါးမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီမှု၊ အကြမ်းဖက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ လူကုန်ကူး ခံရမှု၊ ကလေးအလုပ်သမားခိုင်းစေမှုနှင့် လျစ်လျူရှုခံရမှု စသည့်အခြေအနေများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည့်အပြင် ဒဏ်ရာစိတ်ပန်းပညာများကို တလွဲအသုံးချမှုများကြောင့် ကလေးများသည် အွန်လိုင်းမှတစ်ဆင့် အနီငယ်ခံရခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း၊ လိုင်းပိုင်းဆိုင်ရာ အဖြတ်ထုတ်ခံရခြင်း စသည့် အန္တရာယ်များနှင့်လည်း ရင်ဆိုင်နေကြရပါသည်။

၄။ သို့ဖြစ်ရာ ကလေးများအပေါ် အခွင့်အရေးချိုးဖောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ထိခိုက်လွယ်သောအခြေအနေတွင်ရှိသည့် ကလေးများ၏ လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းပေးရန်နှင့် ထိခိုက်နစ်နာသည့် ကလေးများအတွက် သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုနှင့် ကုစားဖြေရှင်းမှုများရရှိစေရန် သက်ဆိုင်သူအားလုံးက ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ကလေးများ၏ အခွင့်အရေးများကို လေးစားကာကွယ် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ကော်မရှင်ဥပဒေနှင့်အညီ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်လျက်ရှိရာတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်လိုက်နာစေရေး တိုက်တွန်းအကြံပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။

၆။ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကလေးတိုင်း၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် အကောင်းဆုံးအကျိုးစီးပွားကို အလေးထားလျက် လုံခြုံမှုရှိပြီး ခွဲခြားဆက်ဆံမှုကင်းသော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုလျက် ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်





ရွှေကျင်နိုင်ကာယ ဥပဥ္စာဥ္စ မဟာနာယက(တွဲဖက်ရွှေကျင်သာသနာပိုင်)၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါဓကပဏ္ဍိတ၊ အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးဗိုးပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသ မဟာထေရ်၏ သက်တော်(၈၀)ပြည့် မွေးနေ့(ပတ္တမြားရတု) အထိမ်းအမှတ်ကုသိုလ်တော်ပွဲ အခမ်းအနား ကျင်းပ

မန္တလေး နိဝင်ဘာ ၁၉

ရွှေကျင်နိုင်ကာယဥပဥ္စာဥ္စ မဟာနာယက (တွဲဖက်ရွှေကျင်သာသနာပိုင်)၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါဓက ပဏ္ဍိတ အဝေရာရာမ ရန်ကင်းကျောင်းတိုက် ဦးဗိုးပဓာန နာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသ မဟာထေရ်၏ သက်တော်(၈၀)ပြည့် မွေးနေ့(ပတ္တမြားရတု)အထိမ်းအမှတ် ကုသိုလ်တော်ပွဲ ဆင်ယင်ကျင်းပပူဇော်ခြင်းအခမ်းအနားကို ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက်ရှိ မဟာအတုလဂုဏ်ရည်မန်းရွေလီကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိုကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိသောဠသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက၊ တွဲဖက်ရွှေကျင်သာ သနာပိုင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ဝိဇ္ဇာလင်္ကာရဆရာတော် ဘဒ္ဒန္တကောသလ္လတို့ထံမှ သြဝါဒကထာများ၊ ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးဗိုးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသထံမှ သာရဏီယ သြဝါဒကထာများကို နာယူကြည်ညိုကြသည်။

၄င်းနောက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသ မဟာထေရ်၏ သက်တော်(၈၀)ပြည့် မွေးနေ့(ပတ္တမြားရတု)အထိမ်းအမှတ် ကုသိုလ်တော်ပွဲနှင့် ကျောင်းတိုက်သာသနာပြု(၂၅)နှစ်ပြည့် ငွေရတုအထိမ်း အမှတ်ကုသိုလ်ပွဲနှင့်စပ်လျဉ်း၍ သာသနာပြု ဥပဇ္ဈာမ္ဘကအဖွဲ့၏ လျှောက်ထားလွှာကို အဝေရာရာမကျောင်းတိုက်နာယက စာချ သာသနဓဇမွာစရီယ၊ ဘီ-အေ အရှင်သက္ကာစာရက လျှောက်ထားတော်မူခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိုကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္မဋ္ဌာနာစရိယ သိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက၊ ရွှေကျင်နိုကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္မဋ္ဌာနာစရိယ သိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများ၊ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တပည့်သာဝက၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ဧည့်ပရိသတ်အပေါင်းက နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိုကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိသောဠသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက၊ တွဲဖက်ရွှေကျင်သာ သနာပိုင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ဝိဇ္ဇာလင်္ကာရဆရာတော် ဘဒ္ဒန္တကောသလ္လတို့ထံမှ သြဝါဒကထာများ၊ ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးဗိုးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသထံမှ သာရဏီယ သြဝါဒကထာများကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိုကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္မဋ္ဌာနာစရိယ သိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများ၊ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တပည့်သာဝက၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ဧည့်ပရိသတ်အပေါင်းက နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိုကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက၊ တွဲဖက်ရွှေကျင်သာ သနာပိုင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ဝိဇ္ဇာလင်္ကာရဆရာတော် ဘဒ္ဒန္တကောသလ္လတို့ထံမှ သြဝါဒကထာများ၊ ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးဗိုးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသထံမှ သာရဏီယ သြဝါဒကထာများကို နာယူကြည်ညိုကြသည်။

၄င်းနောက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသြဒါတသိရိဘိဝံသ မဟာထေရ်၏ သက်တော်(၈၀)ပြည့် မွေးနေ့(ပတ္တမြားရတု)အထိမ်းအမှတ် ကုသိုလ်တော်ပွဲနှင့် ကျောင်းတိုက်သာသနာပြု(၂၅)နှစ်ပြည့် ငွေရတုအထိမ်း အမှတ်ကုသိုလ်ပွဲနှင့်စပ်လျဉ်း၍ သာသနာပြု ဥပဇ္ဈာမ္ဘကအဖွဲ့၏ လျှောက်ထားလွှာကို အဝေရာရာမကျောင်းတိုက် နာယက စာချ သာသနဓဇမွာစရီယ၊ ဘီ-အေ အရှင်သက္ကာစာရက လျှောက်ထားတော်မူခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိုကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဠသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္မဋ္ဌာနာစရိယ သိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေကျင်နိုကာယ ဥပဥ္စာဥ္စ မဟာနာယက၊ တွဲဖက်ရွှေကျင်သာ သနာပိုင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများ၊ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တပည့်သာဝက၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ဧည့်ပရိသတ်အပေါင်းက

အမေရိကန် - ရုရှား - တရုတ် သုံးနိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပ



ရှန်ကျန်း နိုဝင်ဘာ ၁၉

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ် - ရုရှား - အမေရိကန် ထိပ်သီးအစည်းအဝေးသည် အပြုသဘောဆောင်ပြီး အကျိုးဖြစ်ထွန်းမှုများ ရရှိခဲ့ကြောင်း ယနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်းပြည်နယ် ရှန်ကျန်းမြို့၌ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့နှင့် ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် ရရှိခဲ့သော အဓိက သဘောတူညီချက်များကို ပြန်လည် ခြုံငုံပြောကြားစဉ် ရှီကျင့်ဖျင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံသုံးနိုင်ငံစလုံးသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ တူညီသော အမြင်ရှိကြပြီး ခက်ခဲစွာ ရယူထားရသည့် ငြိမ်းချမ်းရေးကို တန်ဖိုးထားထိန်းသိမ်းရမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

နိုင်ငံကြီးများအနေဖြင့် နိုင်ငံတိုင်း၏ တရားဝင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အလေးအနက်ထားသင့်ကြောင်းနှင့် ကွဲပြားမှုများကို ဖြေရှင်းရာတွင် ဆွေးနွေးညှိနှိုင်းခြင်းသည် မှန်ကန်သော ရွေးချယ်မှုဖြစ်ကြောင်း ၎င်းတို့အားလုံးက သဘောတူညီခဲ့ကြသည်ဟု ရှီက ပြောကြားခဲ့သည်။ ဆွေးနွေးမှုများ မရပ်တန့်သရွေ့၊ တံခါးများ မပိတ်သွားသရွေ့ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရှိနေကြောင်းလည်း ရှီက ပြောကြားခဲ့သည်။ စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ် လိုအပ်ကြောင်းကိုလည်း ၎င်းတို့က သဘောတူညီခဲ့ကြကြောင်း ရှီက ပြောကြားခဲ့သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အထောက်အကူပြုနိုင်ရန် ရုရှားနိုင်ငံသည် တရုတ်နှင့် အမေရိကန်နိုင်ငံများနှင့် အတူ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ပြောကြားသည်။

ဒုတိယ ကမ္ဘာစစ်အတွင်း အောင်ပွဲရရှိခဲ့ခြင်းက သုံးနိုင်ငံကို အတူတကွပေါင်းစည်းစေခဲ့ကြောင်း ပူတင်က ပြောကြားသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် မူဝါဒများကို ကာကွယ် စောင့်ရှောက်ခြင်း၊ နိုင်ငံတကာ ငြိမ်းချမ်းရေးကို ထိန်းသိမ်းခြင်းတို့သည် သုံးနိုင်ငံ၏ တူညီသောတာဝန်များဖြစ်ပြီး ပဋိပက္ခဖြစ်ပွားနေသည့် အရေးကြီး ဒေသများရှိ ပြဿနာများကို သင့်လျော်စွာ ဖြေရှင်းခြင်းသည်လည်း သုံးနိုင်ငံ၏ ဘုံလုပ်ငန်းစဉ်များဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာ ကုန်သွယ်ရေးကို မြှင့်တင်ရန်၊ စွမ်းအင်နှင့် စားနပ်ရိက္ခာလုံခြုံရေးကို ကာကွယ်ရန်နှင့် ဥာဏ်ရည်တု နည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် တရုတ်၊ အမေရိကန်တို့နှင့်အတူ လက်တွဲဆောင်ရွက်ရန် ရုရှားနိုင်ငံက အသင့်ရှိကြောင်း ပူတင်က ပြောကြားသည်။

အလားတူ အဆိုပါ ထိပ်သီးအစည်းအဝေးသည် ကမ္ဘာ့အာရုံစိုက်မှုကို ဖမ်းစားထားနိုင်သည့် အလွန်အရေးပါသော သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်းနှင့် နိုင်ငံသုံးနိုင်ငံအနေဖြင့် နျူကလီးယား လက်နက် ပြန့်ပွားမှုကို ပူးပေါင်းတားဆီးကာ နျူကလီးယား လက်နက်များကြောင့် လူသားမျိုးနွယ်အပေါ် ကျရောက်လာနိုင်သည့် ဆိုးရွားပြင်းထန်သော အကျိုးဆက်များကို ရှောင်ရှားသင့်ကြောင်း သမ္မတ ထရမ့်က ထပ်လောင်းပြောကြားသည်။

ဆင်ဟွာ၊ အင်နိအိတ်ချ်ကေ

တရုတ်နိုင်ငံမှထုတ်လုပ်သည့် လျှပ်စစ်လေယာဉ် လူလိုက်ပါမောင်းနှင်ပျံသန်းမှုဆောင်ရွက်

ပေကျင်း နိုဝင်ဘာ ၁၉

တရုတ်နိုင်ငံမှထုတ်လုပ်သည့် အလေးချိန်တန်ချိန် ၁၀ တန်ရှိ လျှပ်စစ်လေယာဉ် CE-25A သည် ၎င်း၏ လူလိုက်ပါမောင်းနှင်သည့် ပထမဆုံးပျံသန်းမှုကို နိုဝင်ဘာ ၁၄ ရက်က အောင်မြင်စွာဆောင်ရွက်ခဲ့ကြောင်း တရုတ်စီးပွားဖြစ်လေယာဉ်ကော်ပိုရေးရှင်းကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။



တရုတ်နိုင်ငံအရှေ့ပိုင်း ဆန်းတုန်းပြည်နယ် ပင်းကျိုးမြို့၌ ပြုလုပ်ခဲ့သော အဆိုပါပျံသန်းမှုအတွင်း လေယာဉ်ပေါ်၌ လေယာဉ်မှူး နှစ်ဦးနှင့် ပျံသန်းရေးအင်ဂျင်နီယာ တစ်ဦးတို့ လိုက်ပါခဲ့သည်။ လေယာဉ်သည် ပုံမှန်အတိုင်း လည်ပတ်ပျံသန်းနိုင်ခဲ့ပြီး စွမ်းဆောင်ရည်ဆိုင်ရာ အညွှန်းကိန်းများအားလုံးမှာလည်း မျှော်မှန်းထားသည့်အတိုင်း ပြည့်မီခဲ့ကြောင်း အဆိုပါကော်ပိုးရေးရှင်းက ထုတ်ပြန်သည်။

CE-25A သည် အဆိုပါကော်ပိုရေးရှင်း၏ ပထမဆုံး လျှပ်စစ်လေယာဉ်ဖြစ်သည်။ မြို့ကြီးများအကြား စီးပွားဖြစ်ပျံသန်းမှုများအတွက် အဓိကထား ဒီဇိုင်းထုတ်ထားသည့် အဆိုပါ လေယာဉ်သည် ခရီးသည် ၁၉ ဦးအထိ တင်ဆောင်နိုင်သည်။ ၎င်းသည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်းဖြင့် ပျံသန်းနိုင်ပြီး ပျံသန်းနိုင်သည့်အမြင့်မှာ မီတာ ၂၄၀၀ ဖြစ်ကာ ခရီးအကွာအဝေး ၄၀၀ ကီလိုမီတာအထိ ပျံသန်းနိုင်စွမ်းရှိသည်။

အဆိုပါလေယာဉ်သည် ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်က လူမဲ့ အလိုအလျောက် ပထမဆုံးပျံသန်းမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ပုဂ္ဂလိကပိုင် အမ်အက်စ်စီ ခရုဇက်စ်အပျော်စီးသင်္ဘောလိုင်း ၂၀၂၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ စင်ကာပူတွင် အခြေစိုက်သွားမည်

စင်ကာပူ နိုဝင်ဘာ ၁၉

ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကပိုင် အပျော်စီးသင်္ဘောလိုင်းဖြစ်သည့် အမ်အက်စ်စီ ခရုဇက်စ်သည် စင်ကာပူခရီးသွားလာရေး ဘုတ်အဖွဲ့နှင့် သုံးနှစ်ကြာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၂၈ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ စင်ကာပူနိုင်ငံတွင် အခြေစိုက်စခန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စီအင်နအေသတင်းဌာနက ဖော်ပြသည်။

ယင်းသည် စင်ကာပူနိုင်ငံကို အမ်အက်စ်စီ ခရုဇက်စ်၏ ပင်မ အခြေစိုက်ဆိပ်ကမ်းအဖြစ် ပထမဆုံးအကြိမ် အသုံးပြုခြင်းဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အဆိုပါကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

အဆိုပါ သင်္ဘောလိုင်းသည် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် ဒေသတွင်း ခရီးစဉ်နေရာများသို့ ၈ ညအိပ်မှ ၁၂ ညအိပ်အထိ ကြာမြင့်မည့် ပင်လယ်ရေကြောင်းခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Mon

ယခုနှစ်အတွင်း ကမ္ဘောဒီးယားသို့ နိုင်ငံတကာ လေကြောင်းခရီးသည် ၅ ဒသမ ၀၂ သန်း ဝင်ရောက်

ဖနောင်ပင် နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း (၁၀လအတွင်း) ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာလေကြောင်းခရီးသည် လာရောက်မှုမှာ ၅ ဒသမ ၀၂ သန်းရှိရာ ယမန်နှစ်ကထက် ၁၁ ရာခိုင်နှုန်း လျော့နည်းသွားကြောင်းနိုင်ငံတော် မြို့ပြလေကြောင်းဆိုင်ရာ အတွင်းဝန်ရုံး(SSCA)က နိုဝင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ပြေးဆွဲသည့် နိုင်ငံတကာလေကြောင်းခရီးစဉ် အကြိမ်ရေမှာ ၅၁၈၆၅ ကြိမ်ရှိရာ နှစ်ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ဆန့်ကျင်ဘက်အနေဖြင့် အဆိုပါကာလအတွင်း လေကြောင်းကုန်စည်ပို့ဆောင်မှု ပမာဏမှာ တန်ချိန် ၈၅၇၃၀ ရှိရာ ၁၄ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သိရသည်။

ဆင်ဟွာ

STOP AIDS



ပင်းဆင့်ပန်ဂိုး၏ "ပန်းပွင့်နေသော သစ်အယ်ပင်များ" ပန်းချီကားကို ဒေါ်လာ ၁၉၀ ဒသမ ၄ သန်း (ပေါင် ၁၄၄ ဒသမ ၈ သန်း)ဖြင့် ရောင်းချ

ဝါရှင်တန် နိုဝင်ဘာ ၁၉

ဆိုသီဘီလေလံကုမ္ပဏီသည် နာမည်ကျော် ပန်းချီဆရာကြီး ဗင်းဆင့်ဗန်ဂိုး၏ ပန်းချီကားတစ်ချပ်ကို စံချိန်တင်ဈေးနှုန်း ဒေါ်လာ ၁၉၀ ဒသမ ၄ သန်း(ပေါင် ၁၄၄ ဒသမ ၈ သန်း)ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းပွင့်နေသော သစ်အယ်ပင်များ" ဟု အမည်ရှိ အဆိုပါပန်းချီကား ရောင်းချနိုင်မှုသည် ၂၀၂၂ ခုနှစ်က စံချိန်တင်ထားခဲ့သည့် ဗန်ဂိုး၏ ယခင်လေလံစံချိန် ဒေါ်လာ ၁၁၇ ဒသမ ၂ သန်းကို ကျော်ဖြတ်သွားခဲ့သည်။

နာဇီများ အာဏာရလာစဉ်ကာလအတွင်း အဆိုပါအနုပညာလက်ရာကို အကျပ်ကိုင်ဖိအားပေးမှုဖြင့် ရောင်းချခဲ့ရခြင်းဖြစ်သည်ဟူသော အငြင်းပွားမှုကို ဖြေရှင်းရန် နောက်ဆုံးအချိန်ကျမှ သဘောတူညီချက် ရရှိခဲ့ပြီးနောက် ယမန်နေ့က နယူးယောက်မြို့၌ ယင်းသမိုင်းဝင် လေလံတင်ရောင်းချမှုကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပန်းချီကားကို ဗန်ဂိုး၏ ဘဝနောက်ဆုံး နှစ်လအတွင်း ၁၈၉၀ ပြည့်နှစ်၌ ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကလက်ဝယ်တွင် ကျန်ရှိနေသည့် ထိုခေတ်ကာလ၏ အရေးအပါဆုံး အနုပညာလက်ရာများထဲမှ တစ်ခုအဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။

Mon

တပ်မတော်စစ်ကြောင်းများက မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး နယ်စပ်ဒေသတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုစခန်းများအား ထပ်မံ၍တိုက်ခိုက်သိမ်းပိုက်၊ CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် စုစုပေါင်းစခန်း ၂၈ ခု တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၉

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏ နယ်စပ်ဖြစ်သော ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်းခိုအောင်း၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု ခိုအောင်းနေထိုင်ရာ နေရာများအား တပ်မတော် စစ်ကြောင်းများက စနစ်တကျ ချီတက်တိုက်ခိုက်ချေမှုန်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီးထီးကလာချောင်း ဝန်းကျင်တစ်ဝိုက်ရှိ CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာန အပါအဝင် အကြမ်းဖက် သောင်းကျန်းသူများ၏ ယာယီအခြေပြုစခန်း ၁၁ ခုကို တိုက်ခိုက်သိမ်းပိုက်ပြီး လက်နက်/ခဲယမ်း အများအပြားကို သိမ်းဆည်းရရှိခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သိမ်းပိုက်ရရှိ

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်နိုင်မှုမရှိစေရေး အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ စနစ်တကျဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိဝင်ဘာလ ၉ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့မြောက်ဘက်ထီးကလာချောင်းအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့်စခန်း ၂ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၁၀ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့မြောက်ဘက် ကေ့ထီးချောင်းအနီး KNLA တပ်မဟာ(၁)၊ ရင်း(၃) အပါအဝင် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၂ ခု အားလည်းကောင်း၊ နိဝင်ဘာလ ၁၂ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့မြောက်ဘက်ကေ့ကလောချောင်းအနီးတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့်စခန်း ၂ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၁၃ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့မြောက်ဘက် ကေ့ထီးချောင်းအနီးတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၁၄ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ရှိ နှတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခု အားလည်းကောင်း၊ နိဝင်ဘာလ ၁၇ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့တောင်ဘက်ချောင်းစောက်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၁၈ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများက အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်အားကိုး ဖြင့် အတင်းအဓမ္မ ဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအား လည်းကောင်း အသီးသီး သိမ်းပိုက်ရရှိခဲ့သည်။



တပ်မတော်စစ်ကြောင်းများက သိမ်ဓရပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား ထပ်မံ၍ သိမ်းပိုက်ရရှိမှု။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ဦးတည်ရာမဲ့ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးရာ နောက်သို့ အောင်မြေခွဲထက်ကြပ် လိုက်လံချေမှုန်း တိုက်ခိုက်ခဲ့ရာ နိဝင်ဘာလ ၁၉ ရက်၊ ယနေ့တွင် ချောင်းစောက်ရွာအနီး ဝန်းကျင်တစ်ဝိုက်၌ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၂၁ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့တောင်ဘက်ရှိ နှတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၂၂ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့မြောက်ဘက် ကေ့ထီးချောင်းအနီးတွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၂ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၂၃ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့မြောက်ဘက်ကော်ကတ်ရွာအနီးတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခုအားလည်းကောင်း၊ နိဝင်ဘာလ ၂၄ ရက်တွင် သိမ်ဓရပ်မြို့၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ရှိ နှတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၃ ခုအားလည်းကောင်း၊ နိဝင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အကြမ်းဖက်ခေါင်းဆောင် ၂ ဦး အပါအဝင် အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၃၇ လက်၊ ကျည်မျိုးစုံ ၈၃၄၅ တောင့်၊ ကျည်အိမ်မျိုးစုံ ၆၃ ခု၊ ဗုံးသီးမျိုးစုံ ၃၆၃ လုံး၊ မိုင်းမျိုးစုံ ၁၁၃ လုံး၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၁၅၈ ခု၊ 4 x 4 မော်တော်ယာဉ် ၂ စီး၊ ဒေသန္တရလုပ်မော်တော်ယာဉ် ၁ စီး၊ သောင်းကျန်းသူများ၏ ပြောက်ကျား ဝတ်စုံများ၊ ကျည်ကာ အင်္ကျီ/ဦးထုပ်များ၊ လူနေတဲများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်များ၊ ဘန်ကာများ၊ ကွန် ပျူတာ အပါအဝင် ရုံးလုပ်ငန်းသုံး ပစ္စည်းများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်း အများအပြား ထပ်မံသိမ်းဆည်းရရှိခဲ့ပြီး တပ်မတော် စစ်ကြောင်းများ၏ ရဲရဲတင်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း ဟူသည့် ဆောင်ပုဒ်နှင့်အညီ စွန့်လွှတ်စွန့်စားစွာ ဟန်ချက်ညီညီ ချေမှုန်းတိုက်ခိုက်မှုများ ကြောင့် အကြမ်းဖက်သောင်းကျန်း သူပူးပေါင်းအဖွဲ့များသည် ထိခိုက် ဆုံးရှုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများက အဆိုပါ ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုခိုအောင်းနေထိုင်ရာနေရာများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နိဝင်ဘာလ ၃ ရက်မှ ယနေ့ထိ အကြမ်းဖက်သောင်းကျန်းသူများနှင့် စုစုပေါင်း တိုက်ပွဲကြိမ်/ငယ် ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး CRPH၊ NUG အကြမ်းဖက် သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာန အပါအဝင် KNU၊ KNLA စခန်း ၂၈ ခုကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများထံမှ အကြမ်းဖက်ခေါင်းဆောင် ၂ ဦးအပါအဝင် အလောင်း ၇ လောင်း၊ လက်နက်မျိုးစုံ ၁၃၄ လက်၊ ကျည်မျိုးစုံ ၁၃၄၅ တောင့်၊ မိုင်းမျိုးစုံ၊ ဗုံးသီး အမြောက်အမြားနှင့် အခြား ဆက်စပ် ပစ္စည်းပေါင်းများစွာ သိမ်းဆည်းရရှိခဲ့သည်။

စာမျက်နှာ ၁၀ သို့ ❍



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများ၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်း၊ ဗုံးသီးများ၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။



အကြမ်းဖက်သောင်းကျန်းသူများ၏ ခိုအောင်းဆေးကုသနေသည့်နေရာမှ သိမ်းပိုက်ရရှိသည့် ဆေးဝါးများနှင့် ဆေးပစ္စည်းများ။

❍ စာမျက်နှာ ၉ မှ

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မွန်ပြည်နယ်၊ သိမ်ဖြုပ်-ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေအစပ်တို့ရှိ သွားလာရေးခက်ခဲသော တောတောင်များအတွင်း ယာယီအခြေပြုခိုအောင်နေထိုင်၍ တရားဥပဒေမဲ့ မသမာသောနည်းလမ်းမျိုးစုံမှ ရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် အသုံးပြုမည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး လက်နက်အားကိုး ဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အနှိုင်ကျင့်ဖိလိုက်ကာ ကျေးရွာများအတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီအခြေပြုစခန်းများ တည်ဆောက်နေထိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသော ကျေးရွာများမှ ရဟန်းသံဃာများ၊ ဒေသခံပြည်သူများနှင့် သစ္စာရှိနိုင်ငံဝန်ထမ်းများအား ဒလန်ခေါင်းစဉ်တပ်ကာ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ကုန်တင်ကားများနှင့် ခရီးသွားမော်တော်ယာဉ် များအား ဆက်ကြေး ကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံဖြင့်နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများအား မည်သည့်ဒေသတွင်မျှ အခြေချ ခိုအောင်းနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှု မရှိစေရေး အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ ၁၀၀





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်မှု။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ခိုအောင်းဆေးကုသနေသည့်နေရာနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် Drone များ။ ကျည်ကာအင်္ကျီ ကျည်ကာဦးထုပ်များနှင့် အခြားပစ္စည်းများအား တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက သိမ်ဖြုပ်-ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ် နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံ များအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက် ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၈ လုံး စုစုပေါင်း အဆောက်အအုံ ၁၂ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၁ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို မြိမ်ခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် **"အဂ္ဂမဟာစက္ကဝတ္တိအညာတြရာဇာ"** Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြစ်ကိုင်းကျေးရွာနေ သူရိန်ဝင်း(ခ)ရာဇာအား မွန်းလွဲ ၂ နာရီခွဲတွင် ပန်းတောင်းမြို့မရဲစခန်း (ပ)၅၀/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် **"Ko Mya"** facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ မြတ်စိုးအား လက်ပံတန်းမြို့မရဲစခန်း (ပ)၁၆၄/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ အားကစား သတင်းများ

၂၀၂၆ခုနှစ်အတွက် မေဂျာလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို ဂရစ်ဇ်မန်းဆွတ်ခူး



ဝါရှင်တန် နိုဝင်ဘာ ၁၉

၂၀၂၆ခုနှစ်အတွက် မေဂျာလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို အော်လန်ဒို စီးတီးအသင်း တိုက်စစ်မှူးဂရစ်ဇ်မန်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ခုနှစ်အတွင်း အော်လန်ဒို စီးတီးအသင်းနှင့်အတူ မေဂျာလိဂ်ပွဲစဉ် ၁၈ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဂရစ်ဇ်မန်းသည် မေဂျာလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို ပထမဆုံးရရှိသည့် ကစားသမားအဖြစ်လည်း မှတ်တမ်း၀င်ခဲ့သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဂရစ်ဇ်မန်းက 'အခုလိုအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလိုဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(ဝဲပုံ) (NGB)

လွိုက်ဒ်ကယ်လီကို ခေါ်ယူရန် ဆန်းဒါးလန်းအသင်း စိတ်ဝင်စား

လန်ဒန် နိုဝင်ဘာ ၁၉

ဆန်းဒါးလန်းအသင်းသည် ဂျာဇင်တပ်အသင်း နောက်ခံကစားသမား လွိုက်ဒ်ကယ်လီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျာဇင်တပ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



နောက်ခံကစားသမား လွိုက်ဒ်ကယ်လီကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ဂျာဇင်တပ်အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဂျာဇင်တပ်အသင်းမှ နောက်ခံကစားသမား လွိုက်ဒ်ကယ်လီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)(NGB)

မက်ဆီအာရှဟို စပို့တင်းလစ္စဘွန်းအသင်းတွင် ဆက်ရှိသွားမည်

လန်ဒန် နိုဝင်ဘာ ၁၉

နောက်ခံကစားသမား မက်ဆီအာရှဟိုအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း စပို့တင်းလစ္စဘွန်းအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက စပို့တင်းလစ္စဘွန်းအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား မက်ဆီအာရှဟိုသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၃ပွဲကစားကာ ၁၂ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

စပို့တင်းလစ္စဘွန်းအသင်း၏ ထုတ်ပြန်ချက်တွင် 'မက်ဆီအာရှဟိုအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ' ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



ဟင်ကာပီကို စာချုပ်သက်တမ်းတိုးရန် အာဆင်နယ်အသင်း စီစဉ်

လန်ဒန် နိုဝင်ဘာ ၁၉

အာဆင်နယ်အသင်းသည် အသင်းနောက်ခံကစားသမား ဟင်ကာပီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းနှင့် အတူ ၂၀၂၅- ၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၇ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

အာဆင်နယ်အသင်း၏ထုတ်ပြန်ချက်တွင် 'ဟင်ကာပီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စကလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ' ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)

0-0-0-0-0





2026 Quito Open တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၃၀ရက်တွင် စတင်မည်

ကွီတို နိုဝင်ဘာ ၁၉

အီကွေဒေါနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Quito Ecuador တင်းနစ်ပြိုင်ပွဲလာမည့် နိုဝင်ဘာ ၃၀ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Quito Ecuador တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Quito Ecuador တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Quito Ecuador တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆလိုဗေးနီးယား တင်းနစ်မယ် Polona Hercog ဖြစ်သည်။

(အပေါ်ပုံ) (NGB)

နည်းပြ မိုရီယာဆု ဂျပန်လက်ရွေးစင်အသင်းနှင့် လမ်းခွဲ

တိုကျို နိုဝင်ဘာ ၁၉

ဂျပန်လက်ရွေးစင်အသင်းသည် နည်းပြ မိုရီယာဆုနှင့် လမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ဂျပန်လက်ရွေးစင်အသင်းက ပါရာဂွေးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် အသင်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

နည်းပြ မိုရီယာဆုသည် ဂျပန် လက်ရွေးစင်အသင်းကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၁ပွဲတွင် ၇ပွဲနိုင်၊ ၁၇ပွဲသရေ၊ ၁၉ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၅၈)နှစ်အရွယ်ရှိ မိုရီယာဆုက 'ကျွန်တော် ဂျပန်အသင်းနဲ့ လမ်းခွဲခဲ့ပါပြီ။ ဂျပန်အသင်းအနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုတွေ ရရှိပါစေလို့ တောင်းဆုပြုပါတယ်' ဟု ပြောသည်။

(အောက်ပုံ) (NGB)

0-0-0-0-0



မာတာ ဘောလုံးကစားသမားဘဝမှ အနားယူ

လန်ဒန် နိုဝင်ဘာ ၁၉

မန်ယူအသင်း ကွင်းလယ်ကစားသမား မာတာသည် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် မန်ယူ၊ ဗလင်စီယာ၊ ချဲလ်ဆီး၊ ဂါလာတာစာရေးစသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့ပြီး၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် စပိန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၉ မှ ၂၀၁၆ခုနှစ်အထိ နိုင်ငံတကာ ပွဲပေါင်း ၄၁ပွဲကစားကာ ၁၀ဂိုးအထိ သွင်းယူထားသည်။

အသက်(၃၈)နှစ်အရွယ်ရှိ မာတာက 'ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲတမ်းအမှတ်ရနေမှာပါ' ဟု ပြောသည်။

(အောက်ပုံ) (NGB)



ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်း နည်းပြသစ် ပိုချက်တီနိုက မိမိအနေဖြင့် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

* ယခုတစ်ပတ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆောင်းရာသီအတွက် ထုတ်လုပ်ထားသည့် ဘောလုံးအသစ်ကို စတင်အသုံးပြုသွားမည်ဖြစ်သည်။

(NGB)

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၁-၁၁-၂၀၂၆ နံနက် ၀၃:၀၀နာရီ	ဘိုင်ယန်မြူးနစ် - ကိုလုံး	ဘိုင်ယန်မြူးနစ် ၅-၁ ကိုလုံး ကိုလုံး ၁-၃ ဘိုင်ယန်မြူးနစ်

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၃) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၁-၁၁-၂၀၂၆ နံနက် ၀၃:၃၀နာရီ	ဘီလ်ဘာအို - အက်စ်ပန်ညို	ဘီလ်ဘာအို ၁-၂ အက်စ်ပန်ညို အက်စ်ပန်ညို ၂-၀ ဘီလ်ဘာအို

ပြင်သစ်လီဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၁) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၁-၁၁-၂၀၂၆ နံနက် ၀၃:၁၅နာရီ	ထရွိုင်းယက်စ် - လီဟာဗာ	----

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

မိတ္တီလာ နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး၊ မိတ္တီလာခရိုင်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက မိတ္တီလာမြို့၊ ကန်တော် မင်္ဂလာခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီအတွင်းရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုသည်မှာ ကလေးများကို အလုပ်မှဖယ်ရှားရုံသာ မဟုတ်ကြောင်း၊ ကလေးတိုင်းပညာသင်ယူခွင့်ရရှိရေး၊ လုံခြုံကျန်းမာစွာ ကြီးပြင်းနိုင်ရေးနှင့် မိမိတို့၏အနာဂတ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းလည်းဖြစ်ကြောင်း ဟောပြောခဲ့သည်။



ဆက်လက်၍ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှလေးနွယ်က အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများနှင့် ပတ်သက်၍လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေတင့်က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၃)



မိသားစုနှင့်အတူ စာဖတ်ကြစို့ (Read Together) အစီအစဉ် ဆောင်ရွက်

ကန့်ဘလူ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ မိသားစုနှင့်အတူ စာဖတ်ကြစို့ (Read Together) အစီအစဉ် ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိသင်းက မိဘများအတွက် မိသားစုနှင့်အတူ စာဖတ်ကြစို့ (Read Together) အစီအစဉ် ဆောင်ရွက်ခြင်းနှင့် ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိဘများနှင့် ကလေးများ ပူးတွဲစာဖတ်ခြင်းများ ပြုလုပ်ကြပြီး မိသားစုတစ်ခုချင်းစီအတွက် စာအုပ်ရွေးချယ်မှုအကြံပြုခြင်း၊ မိဘများအတွက် အိမ်တွင်စာဖတ်ချိန် သတ်မှတ်ရေးအကြံပြုခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး စာကြည့်တိုက် လာရောက်သူနှင့် အသင်းဝင်အသစ်များ တိုးပွားလာစေရန်၊ စာအုပ်ငှားရမ်းမှုနှင့် စာကြည့်တိုက် ဝန်ဆောင်မှုကို အသုံးပြုမှု တိုးတက်လာစေရန်၊ တစ်ကြိမ် လာရောက်သူများကို ပုံမှန် စာဖတ်သူများဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

--*-*-*-*-*

မောင်းကုန်းသကြားစက်ရုံ၏ ၂၀၂၆ - ၂၀၂၇ ကြံကြိတ်ဝါးရာသီအတွက် ကြံတစ်တန်ဈေးနှုန်း ငွေကျပ် ၁၄၀,၀၀၀ မှ ၁၅၀,၀၀၀ အထိ သတ်မှတ်ထုတ်ပြန်

မန္တလေး နိုဝင်ဘာ ၁၉

မောင်းကုန်းသကြားစက်ရုံ နယ်မြေအတွင်းရှိ ကြံတောင်သူကြီးများထံမှ ၂၀၂၆-၂၀၂၇ ကြံကြိတ်ရာသီအတွက် စက်ရုံသို့ အရောက်ပို့စနစ်ဖြင့် ကြံဝယ်ယူမည့် ဈေးနှုန်းသတ်မှတ်ချက်များကို နိုဝင်ဘာ ၁၇ ရက် ရက်စွဲဖြင့် Wilmar Sugar Myanmar Limited (Maung Kong Sugar Mill)က အသိပေးထုတ် ပြန်ကြေညာလိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အရ သက်ဆိုင်ရာ စက်ရုံကြိတ်မှု ပမာဏနှင့် သကြားတစ်ပိသာ ဈေးနှုန်းအပေါ် မူတည်၍ ကြံတစ်တန်လျှင် အခြေခံဈေးငွေကျပ် ၁၄၀,၀၀၀ မှ အမြင့်ဆုံးဈေး ငွေကျပ် ၁၅၀,၀၀၀ အထိ သတ်မှတ်ထားပြီး အခြေခံဈေးငွေကျပ် ၁၄၀,၀၀၀ အောက် လျော့နည်းမည်မဟုတ်သကဲ့သို့ အမြင့်ဆုံးဈေး ငွေကျပ် ၁၅၀,၀၀၀ ထက်လည်း ပိုမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

စက်ရုံကြိတ်မှု ပမာဏ ၀ တန်မှ ၅၄,၉၉၉ တန်အထိတွင် သကြား တစ်ပိသာဈေးနှုန်း ၄,၁၀၀ အောက်ဖြစ်ပါက ကြံတစ်တန် ငွေကျပ် ၁၄၀,၀၀၀ လည်းကောင်း၊ သကြား တစ်ပိသာလျှင် ငွေကျပ် ၄,၁၀၀ မှ ၄,၁၉၉ အထိ၊ ကြံတစ်တန်လျှင် ငွေကျပ် ၁၄၂,၅၀၀ လည်းကောင်း သကြား တစ်ပိသာလျှင် ငွေကျပ် ၄,၂၀၀ မှ ၄,၂၉၉ အထိ၊ ကြံတစ်တန်လျှင် ငွေကျပ် ၁၄၅,၀၀၀၊ သကြားတစ်ပိသာလျှင် ငွေကျပ် ၄,၃၀၀ မှ ၄,၃၉၉ အထိ ကြံတစ်တန်လျှင် ငွေကျပ် ၁၄၇,၅၀၀ နှင့် သကြား တစ်ပိသာလျှင် ငွေကျပ် ၄,၄၀၀ နှင့်အထက်တွင် ကြံတစ်တန်လျှင် ငွေကျပ် ၁၅၀,၀၀၀ ဖြင့် အသီးသီး ဝယ်ယူမည်ဖြစ်သည်။

ကြိတ်မှုပမာဏ ၅၅,၀၀၀ တန်မှ ၅၉,၉၉၉ တန်အထိတွင် သကြားတစ်ပိသာ ဈေးနှုန်း ၄,၁၀၀ အောက်ဖြစ်ပါက ကြံတစ်တန်လျှင် ငွေကျပ် ၁၄၂,၅၀၀၊ သကြားတစ်ပိသာ ငွေကျပ် ၄,၁၀၀ မှ ၄,၁၉၉ အထိ ကြံတစ်တန်လျှင် ငွေကျပ် ၁၄၅,၀၀၀၊ သကြားတစ်ပိသာ ငွေကျပ် ၄,၂၀၀ မှ ၄,၂၉၉ အထိ ကြံတစ်တန်လျှင် ငွေကျပ် ၁၄၇,၅၀၀ နှင့် သကြားတစ်ပိသာ ငွေကျပ် ၄,၃၀၀ နှင့်အထက်တွင် ကြံတစ်တန်လျှင် ငွေကျပ် ၁၅၀,၀၀၀ ဖြင့် ဝယ်ယူမည်ဖြစ်ပြီး ကြိတ်ဝါးမှုပမာဏ ၆၀,၀၀၀ တန်နှင့်အထက်တွင် သကြားတစ်ပိသာ ငွေကျပ် ၄,၁၀၀ အောက်အတွက် ကြံတစ်တန်လျှင် ငွေကျပ် ၁၄၅,၀၀၀၊ သကြားတစ်ပိသာ ငွေကျပ် ၄,၁၀၀ မှ ၄,၁၉၉ အထိ ကြံတစ်တန်လျှင် ငွေကျပ် ၁၄၇,၅၀၀ နှင့် သကြားတစ်ပိသာ ၄,၂၀၀ နှင့်အထက်တွင် ကြံတစ်တန်လျှင် ငွေကျပ် ၁၅၀,၀၀၀ အထိ ပေးချေဝယ်ယူသွားမည်ဖြစ်သည်။

ထို့အပြင် ကြံတောင်သူများအတွက် ကြိုတင်ချေးငွေအဖြစ် ကြံတစ်တန်လျှင် ငွေကျပ် ၃၀,၀၀၀ နှုန်း ကြိုတင်ထုတ်ပေးမည်ဖြစ်ပြီး စက်ရုံသို့ပေးပို့သော ကြံတစ်တန်အတွက် မိုင်အကွာအဝေးအလိုက် ပုံပိုးမှုနှုန်းထားများအနေဖြင့် ၂၁ မိုင်မှ မိုင် ၃၀ အထိ ငွေကျပ် ၃,၀၀၀၊ ၃၁ မိုင်မှ မိုင် ၄၀ အထိ ငွေကျပ် ၅,၀၀၀ နှင့် ၄၁ မိုင်နှင့်အထက်အတွက် ငွေကျပ် ၇,၀၀၀ အသီးသီး ထပ်ဆောင်း ပုံပိုးပေးမည်ဖြစ်သည်။

ကွင်းသိမ်းပြီး စာရင်းရှင်းပေးချေမှုများကိုမူ သကြားစက်ရုံ ပိတ်သိမ်းပြီး လေးလအတွင်း အပြီးပေးချေသွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိ ပြည်တွင်းသကြားဈေးနှုန်းမှာ တစ်ပိသာလျှင် ငွေကျပ် ၄,၀၀၀ ကျော် ရှိနေပြီး ယင်းသကြားပေါက်ဈေးကို အခြေခံတွက်ချက်ကာ ရှမ်းပြည်နယ်ရှိ ကြံစက်ရုံများက ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀,၀၀၀ သတ်မှတ်ဝယ်ယူပေးထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။ (ဝဲပုံ)



ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ငွေရည်ပုလဲကုမ္ပဏီက ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀,၀၀၀ သတ်မှတ်ပေးထားပြီး တောင်လေးလုံးနှင့် တောင်ကြီးဘက်ရှိ ကုမ္ပဏီများ၊ မြဝတီကုမ္ပဏီတို့ကလည်း တစ်တန်လျှင် ငွေကျပ် ၁၈၀,၀၀၀ နှင့်အထက် ပေးချေနိုင်မည့်အခြေအနေရှိကြောင်း သိရသည်။ **ရွှေမန်း**

တရုတ်နိုင်ငံသို့ ထောပတ်သီးတင်ပို့ရေး GACC နှင့် စာချုပ်မူကြမ်း ပြင်ဆင်မှုပြီးစီး



မန္တလေး နိုဝင်ဘာ ၁၉

တရုတ်နိုင်ငံသို့ မြန်မာ့ထောပတ်သီး တင်ပို့ခွင့်ရရှိရေးအတွက် တရုတ်နိုင်ငံ အထွေထွေအကောက်ခွန်အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် ချုပ်ဆိုမည့် ဒုတိယအဆင့် စာချုပ်မူကြမ်းကို နှစ်ဖက်ဖြည့်စွက်ပြင်ဆင်မှုများ ပြီးစီးသွားပြီဖြစ်သည်။

တရုတ်ဘက်မှ ဒုတိယအကြိမ် စာချုပ်မူကြမ်း ပေးပို့လာပြီးနောက် နှစ်ဖက်စလုံးမှ ထပ်မံဖြည့်စွက်ပြင်ဆင်ရန် မရှိတော့သဖြင့် လက်မှတ်ရေးထိုးရန်သာ ကျန်ရှိတော့ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MAVO)နှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။

ထောပတ်သီးများ မကြာမီ တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံ အစိုးရအချင်းချင်း သဘောတူညီချက် လက်မှတ်ရေးထိုးရန်သာ ကျန်ရှိပြီး ထိုအဆင့် ပြီးစီးမှသာ တင်ပို့မည့် ကုမ္ပဏီအချင်းချင်း စီးပွားရေးဆိုင်ရာစာချုပ်များ ချုပ်ဆိုကာ တင်ပို့နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နှစ်စဉ် ထောပတ်သီး ထွက်ရှိမှုမှာ တန်ချိန် ၃၀,၀၀၀ နီးပါးရှိပြီး ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၇,၀၀၀ မှ ၈,၀၀၀ ဝန်းကျင်သာရှိကြောင်း (MAVO)ထံမှ သိရသည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံသို့ ထောပတ်သီး တန်ချိန် ၂၀,၀၀၀ ခန့် တင်ပို့ခွင့်မရရှိခဲ့ခြင်းကြောင့် ဈေးနှုန်းများကျဆင်းခဲ့ပြီး ပြည်တွင်းဈေးကွက် ဝယ်လိုအားမြင့်တက်လာစေရန် ဈေးကွက်မြှင့်တင်ရေးလှုပ်ရှားမှုများပြုလုပ်ကာ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ထိုင်းနိုင်ငံနှင့် ပုံမှန်ကုန်သွယ်ခွင့် ပြန်လည်ရရှိရေးအတွက် ပိုးမွှားအန္တရာယ် ဆန်းစစ်လေ့လာမှု (PRA) အမြန်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီး ရန်ပုံငွေရှာဖွေခြင်း၊ နယ်စပ်မှတစ်ဆင့် အထူးတင်ပို့ခွင့်ရရှိရေး စီစဉ်ခြင်းနှင့် ထိုင်းနိုင်ငံသို့ ညှိနှိုင်းရေးအဖွဲ့ စေလွှတ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

--*-*-*-*-*



မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၉

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီမှစတင်၍ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မန်းတောင်ရိပ်ဆောင် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီးတို့၏ ဦးဆောင်မှုဖြင့် ဆေးရုံကြီး ဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုဌာနမှ ကျင်းပခြင်းဖြစ်ပြီး ယခုနှစ် ဆောင်ပုဒ်မှာ 'ဆီးချို၊ သွေးချိုရောဂါဘေး၊ စောစောရှာဖွေကုသပေး' (Early Action on Diabetes) ဖြစ်သည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားပြီးနောက် ဆီးချို၊ သွေးချိုရောဂါကို စောစီးစွာ ရှာဖွေကုသခြင်း၊ ရောဂါနောက်ဆက်တွဲများကို စောစီးစွာ ရှာဖွေကုသခြင်းနှင့် ကုသမှုဆိုင်ရာ ရည်မှန်းချက်များအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့ပြင် တက်ရောက်လာသူများအား ကျန်းမာရေးဗဟုသုတ မေးခွန်းများ မေးမြန်း၍ ဆုချီးမြှင့်ခြင်း၊ အခမဲ့ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသပေးခြင်း၊ ဆေးဝါးပေးခြင်းနှင့် AI ECG စက်များဖြင့် စမ်းသပ်စစ်ဆေးပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စိတ်ပါဝင်စားသည့် ဆရာဝန်များ၊ သူနာပြုများ၊ ဆီးချို၊ သွေးချိုရောဂါဝေဒနာရှင်များနှင့် တက်ရောက်လာကြသူများကို အခမဲ့ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

o-o-o-o-o-o

(၁၉)ကြိမ်မြောက် အမျိုးသားကန်တော်ကြီး ပန်းပွဲတော် ဒီဇင်ဘာ ၄ ရက်တွင် စတင်ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၉

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ပန်းပွဲတော်ကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်အထိ တစ်လတာကျင်းပရန် လျာထားပြီး ပွဲတော်ကာလအတွင်း နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုများနှင့် ဈေးပွဲတော်များပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် (၁၉)ကြိမ်မြောက် ပန်းပွဲတော်တွင် ဥယျာဉ်အတွင်း ပုံမှန်စိုက်ပျိုးထားသည့် ပန်းမျိုးများအပြင် ဒေသပန်းမျိုးများကိုပါ စနစ်တကျ ပြုစု၍ ပန်းပြကွက်များအဖြစ် ထည့်သွင်းပြသသွားမည်ဖြစ်ပြီး ပန်းပင်အရေအတွက် စုစုပေါင်း နှစ်သိန်းခန့် ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ယခင်နှစ်များနှင့် မတူသည့် ဒီဇိုင်းပုံစံအသစ်များဖြင့် ဖန်တီးပြသသွားမည်ဖြစ်ရာ နေ့စဉ် ညနေပိုင်း နေဝင်ချိန်တွင် လာရောက်လည်ပတ်ကြည့်ရှုရန် ပိုမိုသင့်လျော်မည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း နေ့စဉ် ဖျော်ဖြေရေးအစီအစဉ်များနှင့် ဈေးပွဲတော်များကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ခရီးစဉ်မတ်နှင့် နှစ်သစ်ကူးကာလများတွင် နိုင်ငံကျော်တေးသံရှင်များ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း ပွဲတော်တာဝန်ခံ ဦးဝေမျိုးအောင်က ပြောသည်။

လက်ရှိသတ်မှတ်ထားသည့် ဝင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်ပြီး ယင်းလက်မှတ်ဖြင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာ ဥယျာဉ်နှစ်ခုစလုံးကို လည်ပတ်နိုင်မည်ဖြစ်သည်။ ဝင်ကြေးနှုန်းထားကို အနည်းငယ်တိုးမြှင့်သတ်မှတ်ရန်လည်း ရှိသည်။

ပန်းပွဲတော်ကျင်းပမည့်ရက်နှင့် အစီအစဉ်များမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း



ကြက်သွန်ခင်းများတွင် ငမြှောင်တောင်ပိုးကျရောက်မှု သတိပြုရန်၊ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများလိုက်နာရန် လိုအပ်

မန္တလေး နိုဝင်ဘာ ၁၉

ကြက်သွန် အဓိကစိုက်ပျိုးသည့် မြစ်သား၊ ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်များရှိ ကြက်သွန်ခင်းများတွင် ငမြှောင်တောင်ပိုးကျရောက်မှုများ တွေ့ရှိလာသောကြောင့် စိုက်ပျိုးတောင်သူများ အနေဖြင့် ပိုးကျရောက်မှုလက္ခဏာများကို စောင့်ကြည့်၍ ကြိုတင်ကာကွယ်နှိမ်နင်းရန် လိုအပ်သည်။

ငမြှောင်တောင်ပိုးသည် ညဘက်တွင် အစာထွက်စားလေ့ရှိသည့် ဖျက်ပိုးအမျိုးအစားဖြစ်ပြီး မျိုးပွားနှုန်းမြန်ဆန်ကာ ဥမြဲတစ်ခုမှ လောက်ကောင် ၁၀၀ မှ ၂၀၀ ခန့်အထိ ပေါက်ဖွားနိုင်သည်။ ၎င်း၏ ဘဝစက်ဝန်းမှာ ဥ၊ လောက်ကောင်၊ ရုပ်ဖုံးနှင့် အကောင်ကြီးအဆင့် တို့ဖြစ်ပြီး လောက်ကောင်များသည် မြေကြီးအတွင်း ရုပ်ဖုံးအဆင့်သို့ ရောက်ရှိနိုင်သဖြင့် သီးနှံမစိုက်ပျိုးမီ မြေကို ထွန်ယက်ပြုပြင်ထားရန် လိုအပ်သည်။

ပိုးကျရောက်သည့် ကြက်သွန်ခင်းများတွင် အပင်ခြေနှင့် အရွက်များအနီး၌ ဥမြဲများကို တွေ့ရှိနိုင်ပြီး အရွက်များကို ခြစ်စားထားသဖြင့် အစိမ်းရောင် အဝိုင်းများပျောက်ကာ ဖြူဖျော့လာခြင်း၊ အရွက်အတွင်းပိုင်း၌ လောက်ကောင်နှင့် ပိုးချေးများ တွေ့ရှိခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ပိုးလောက်ကောင်များ ကြီးထွားလာပါက အပင်များကိုကိုက်ဖြတ်စားသောက်၍ အနီးရှိ အခြားအပင်များသို့ ကူးပြောင်းဖျက်ဆီးနိုင်သည်။

ကာကွယ်နှိမ်နင်းရေးအနေဖြင့် သီးနှံမစိုက်ပျိုးမီ မြေပြုပြင်ချိန်တွင် ပြာထည့်သွင်းခြင်း၊



စိုက်ခင်းပတ်လည်၌ အကျယ်တစ်ပေ၊ အနက် ရှစ်လက်မခန့် ရှိသော မြောင်းများ တူးဖော်ခြင်းနှင့် မြောင်းအတွင်း ထုံးဖြူးခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

ထို့ပြင် မီးထောင်ချောက်များကို တစ်ကွင်းတစ်စပ်တည်း စုပေါင်းဆောင်ရွက်ခြင်း၊ ပိုတက်ရှိမြေဩဇာကို သင့်တော်သည့်နှုန်းထားဖြင့် အသုံးပြုခြင်းနှင့် ပိုးများညပိုင်းတွင် အစာထွက်စားလေ့ရှိသည့်အတွက် လိုအပ်ပါက ညနေပိုင်းတွင် ပိုးသတ်ဆေးဖျန်းပေးရမည်ဖြစ်သည်။

ပိုးသတ်ဆေးအသုံးပြုရာတွင် သက်ဆိုင်ရာသီးနှံနှင့် ပိုးမျိုးစိတ်အတွက် မှတ်ပုံတင်ထားသည့် ဆေးကိုသာ အညွှန်းပါနှုန်းထား အတိုင်း အသုံးပြုရန် လိုအပ်ကြောင်း သိရသည်။ **(ဝဲပုံ)**

ရွှေမန်း

ဒီဇင်ဘာ အားကစားရာသီပလား တန်းခုနှစ်မြင်းစီးပြိုင်ပွဲ ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၉

ဒီဇင်ဘာ အားကစားရာသီဖလား တန်းခုနှစ်မြင်းစီးအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်၏ မြင်းစီးအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

ပြိုင်ပွဲတွင် အမြင့် ၄၀ စင်တီမီတာမှ ၆၀ စင်တီမီတာအထိ တန်းခုနှစ်ပြိုင်ပွဲ၊ ၆၀ စင်တီမီတာမှ ၇၀ စင်တီမီတာအထိ တန်းခုနှစ်ပြိုင်ပွဲနှင့် ၈၀ စင်တီမီတာမှ ၉၀ စင်တီမီတာအထိ တန်းခုနှစ်ပြိုင်ပွဲ ဟူ၍ အမျိုးအစားသုံးမျိုး ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြင်းစီးအားကစားသမားများနှင့် မြင်းများသည် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တွင် မှတ်ပုံတင်ထားပြီးဖြစ်ရမည်ဖြစ်သည်။

ထို့ပြင် အသက် ၁၈ နှစ်အောက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူ၏ သဘောတူညီချက်လက်မှတ် တင်ပြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ရုံးတွင် သတ်မှတ်လျှောက်လွှာပုံစံဖြည့်စွက်၍ ဒီဇင်ဘာ ၅ ရက် နောက်ဆုံးထား၍ ဝင်ခွင့် လျှောက်လွှာပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မြင်းတစ်ကောင် လျှင် ပြိုင်ပွဲအမျိုးအစား နှစ်မျိုးထက်ပို၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုကြောင်းလည်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်က အသိပေးထားကြောင်း သိရသည်။ **(ဝဲပုံ)**

မန္တလေးနေ့စဉ်-၆

--*-*-*-*



နှမ်းနက်အသစ်များ ဈေးကွက်ဝင်ရောက်မှုရှိနေပြီး ပြည်တွင်းဈေးနှုန်းများ ကျဆင်းနေ

မန္တလေး နိုဝင်ဘာ ၁၉

အညာဒေသအပါအဝင် နယ်စုံမှ နှမ်းအသစ်များ ဈေးကွက်အတွင်း ဝင်ရောက်လာချိန်တွင် ပြည်တွင်းနှမ်းဈေးနှုန်းများ ကျဆင်းနေကြောင်း နိုဝင်ဘာ ၁၆ ရက်ထုတ် ဈေးကွက်သုံးသပ်ချက်အရ သိရသည်။

လတ်တလော မြန်မာ့နှမ်းဈေးကွက်တွင် ပြည်ပပို့ကုန်ဈေးနှုန်းများ တည်ငြိမ်နေသော်လည်း ပြည်တွင်းဈေးကွက်၌ ဆီစက်များနှင့် ကုန်သည်များ၏ ဝယ်ယူမှုနည်းပါးနေခြင်းကြောင့် နှမ်းဈေးနှုန်းများ ကျဆင်းနေခြင်းဖြစ်သည်။

နိုဝင်ဘာလဆန်းပိုင်းက နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၁၆ ရက်တွင် ငွေကျပ် ၅၉၅၀၀၀ မှ ငွေကျပ် ၆၀၀၀၀၀ ဝန်းကျင်သို့ ကျဆင်းလာသည်။

နိုဝင်ဘာ ၁၆ ရက် ဈေးကွက်အတွင်း နှမ်းအမျိုးအစား အလိုက် ပေါက်ဈေးများမှာ နှမ်းနက် (စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၉၅၀၀၀ မှ ၆၀၀၀၀၀၊ နှမ်းဖြူ(JP) ငွေကျပ် ၄၉၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀၀၊ နှမ်းဖြူ(ဗမာ) အသစ် ငွေကျပ် ၄၈၀၀၀၀ နှင့် နှမ်းညိုအသစ် ငွေကျပ် ၄၆၅၀၀၀ မှ ငွေကျပ် ၄၇၀၀၀၀ အသီးသီးရှိသည်။

နှမ်းဈေးကွက်အပြင် ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲများတွင်လည်း ရောင်းလိုအား၊ ဝယ်လိုအားအခြေအနေအလိုက် ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်နေပြီး သီးနှံအသစ်များ ဈေးကွက်အတွင်း ဝင်ရောက်လာမှုက ဈေးနှုန်းအပေါ် သက်ရောက်မှုရှိနေသည်။ **(အောက်ပုံ)**

လက်ရှိ နှမ်းဈေးနှုန်းများသည် ပြည်ပဝယ်လိုအားနှင့် ပြည်တွင်းဆီစက်များ၏ ဝယ်ယူမှုအခြေအနေအပေါ် မူတည်၍ အတက်အကျ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ဈေးကွက်အခြေအနေအရ သိရသည်။ **ရွှေမန်း**



မန္တလေးဆိုတာ နန်းတော်၊ စေတီပုထိုးတွေသာမက မြန်မာ့ယဉ်ကျေးမှုနှင့် လက်မှုပညာတို့ ရှင်သန်ရာမြို့တော်

မန္တလေးဆိုတာ နန်းတော်၊ စေတီပုထိုးတွေသာမက မြန်မာ့ယဉ်ကျေးမှုနှင့် လက်မှုပညာတို့ ရှင်သန်ရာမြို့တော်ဖြစ်သည်။

မန္တလေးမြို့၏ ဂုဏ်သတင်းကို ပြောမည်ဆိုလျှင် နောက်ဆုံးမင်းနေပြည်တော်၊ ဗုဒ္ဓဘာသာသာသနာထွန်းကားရာမြို့၊ မြန်မာ့ရိုးရာအနုပညာနှင့် လက်မှုပညာတို့၏ ဗဟိုချက်၊ အထက်မြန်မာပြည်၏ စီးပွားရေးအချက်အချာဟူသော ဂုဏ်ပုဒ်များကို ချန်လှပ်ထား၍မရပေ။

မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသော မန္တလေးမြို့သည် မြန်မာ့သမိုင်းတွင် ထူးခြားသည့် အခန်းကဏ္ဍတစ်ခုကို ပိုင်ဆိုင်ထားသည့် မြို့ဖြစ်သည်။ ၁၈၅၇ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး တည်ထောင်ခဲ့ပြီး ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းနေပြည်တော်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မြို့၏ အလယ်ဗဟိုတွင် တည်ရှိသည့် မန္တလေးနန်းတော်၊ နန်းမြို့ရိုးနှင့် ကျုံးတို့သည် မန္တလေး၏ ရှေးမင်းနေပြည်တော်ဂုဏ်ကို ယနေ့တိုင်ဖော်ညွှန်းနေကြသည်။ နန်းတော်၏ ပတ်ဝန်းကျင်တွင် ကျုံးရေပြင်၊ မြို့ရိုးနှင့် မြို့တံခါးများကို တွေ့မြင်နိုင်သကဲ့သို့ မန္တလေးတောင်ပေါ်မှ ကြည့်လျှင်လည်း မြို့၏အကျယ်အဝန်း၊ စိမ်းလန်းသော သစ်ပင်များနှင့် စေတီပုထိုးများကို တစ်ပြိုင်နက် မြင်တွေ့နိုင်သည်။

ဗုဒ္ဓဘာသာသာသနာနှင့် စေတီပုထိုးများ၏ မြို့

မန္တလေးမြို့၏ ထူးခြားမှုတစ်ခုမှာ ဗုဒ္ဓဘာသာသာသနာနှင့် နက်ရှိုင်းစွာ ဆက်နွယ်နေခြင်း ဖြစ်သည်။

မြို့၏ထင်ရှားသော ဘာသာရေးအမွေအနှစ်များအနက် မဟာမုနိဘုရားကြီးသည် အရေးပါသည့် ဘုရားဖူးနေရာတစ်ခုဖြစ်သည်။ နံနက်စောစော မျက်နှာသစ်တော်မှုခြင်း အစီအစဉ်ကို မြင်တွေ့ရန် လာရောက်ကြသည့် ဘုရားဖူးများ၊ ရွှေသင်္ကန်းကပ်လှူပူဇော်မှုများနှင့် ဘုရားဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများက မန္တလေး၏ ဘာသာရေးသွင်ပြင်ကို ပိုမိုထင်ရှားစေသည်။

ထို့အပြင် ကမ္ဘာ့အကြီးဆုံးစာအုပ်ဟု လူသိများသည့် ကုသိုလ်တော်ဘုရားရှိ ပိဋကတ်ကျောက်စာချပ် ၇၂၉ ချပ်၊ မင်းတုန်းမင်းတရားကြီး တည်ထားခဲ့သည့် ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရား၊ အတုမရှိကျောင်းတော်ကြီးနှင့် ရွှေနန်းတော်ကျောင်းတို့သည် မန္တလေး၏ သမိုင်းနှင့်ဗိသုကာလက်ရာများကို ထင်ဟပ်စေသည့် အမွေအနှစ်များဖြစ်ကြသည်။

မန္တလေးတောင်သည်လည်း မြို့၏ သဘာဝအလှအပနှင့် ဘာသာရေးအမွေအနှစ်တို့ ဆုံစည်းရာနေရာဖြစ်သည်။ တောင်ပေါ်မှနေ၍ ဧရာဝတီမြစ်၊ မြို့ပြမြင်ကွင်းနှင့် အနီးအနားရှိ တောင်တန်းများကို မြင်တွေ့နိုင်သည်။

လက်မှုပညာတို့ ရှင်သန်ရာမြို့

မန္တလေးမြို့ကို အခြားမြို့များနှင့် ကွဲပြားစေသည့် အရေးပါသောအချက်တစ်ခုမှာ မြန်မာ့ရိုးရာလက်မှုပညာများကို လက်တွေ့၊ မြင်တွေ့နိုင်သည့် မြို့ဖြစ်ခြင်းပင်ဖြစ်သည်။

ကျောက်ဆစ်ပညာ၊ သစ်သားပန်းပု၊ ကြေးသွန်းပညာ၊ ပန်းချီနှင့် ပန်းတမော့လုပ်ငန်း၊ ပန်းထိုးပညာ၊ ရက်ကန်းပညာနှင့် ရွှေဆိုင်းလုပ်ငန်းတို့သည် မန္တလေး၏ ရိုးရာအနုပညာအမွေအနှစ်များဖြစ်ကြသည်။

မဟာမုနိဘုရားအနီးရှိ ကျောက်ဆစ်လုပ်ငန်းများတွင် ကျောက်သားတစ်တုံးကို ဗုဒ္ဓဆင်းတုတော်နှင့် အနုပညာလက်ရာများအဖြစ် ပုံဖော်နေကြသည်။ သစ်သားပန်းပုလုပ်ငန်းများတွင်လည်း သစ်သားကို အသေးစိတ်ထွင်းထုကာ ရှေးမြန်မာ့ဗိသုကာလက်ရာများကို ဖော်ထုတ်ကြသည်။

ထို့အပြင် တမ္ပဝတီရပ်ကွက်အနီးတစ်ဝိုက်တွင် ကြေးသွန်းလုပ်ငန်းများ၊ ရွှေဆိုင်းလုပ်ငန်းများနှင့် အခြားရိုးရာလုပ်ငန်းများကို တွေ့မြင်နိုင်သည်။ ရွှေဆိုင်းပြုလုပ်ရာတွင် ရွှေအစစ်ကို အဆင့်ဆင့်ထုထောင်းကာ အလွန်ပါးလွှာသော ရွှေပြားများအဖြစ် ဖန်တီးကြခြင်းသည်လည်း မန္တလေး၏ ထင်ရှားသည့် လက်မှုပညာတစ်ရပ်ဖြစ်သည်။

ဤလုပ်ငန်းများသည် အလှအပဖန်တီးမှုတစ်ခုတည်းသာမဟုတ်ဘဲ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းလာသည့် အသက်မွေးဝမ်းကျောင်းပညာများလည်း ဖြစ်ကြသည်။

ရိုးရာပွဲတော်များနှင့် ယဉ်ကျေးမှုအငွေ့အသက်

မန္တလေးမြို့၏ ဂုဏ်သတင်းကို ပိုမိုပြည့်စုံစေသည့်အရာမှာ ရိုးရာပွဲတော်များဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထင်ရှားစွာဖော်ပြသည့် မန္တလေးမဟာသကြီန်ပွဲတော်တွင် ရေကစားမဏ္ဍပ်များသာမက ရိုးရာအဆို၊ အက၊ အတီးနှင့် ယဉ်ကျေးမှုအစီအစဉ်များကိုလည်း တွေ့မြင်နိုင်သည်။



ကဆုန်လပြည့်နေ့တွင် သံဃာတော်များအားဆွမ်းဆက်ကပ်လှူဒါန်းသည့် အလှူပွဲများ၊ သီတင်းကျွတ်ကာလတွင် နန်းမြို့ရိုးနှင့် ကျုံးပတ်ဝန်းကျင် မီးထွန်းပွဲများ၊ မီးရှူးမီးပန်းများဖြင့် ပူဇော်ပွဲများကလည်း မန္တလေး၏ ပွဲတော်ယဉ်ကျေးမှုကို ဖော်ပြနေသည်။

ဤပွဲတော်များသည် ပျော်ပွဲ၊ ရွှင်ပွဲများသာမဟုတ်ဘဲ ဒေသခံပြည်သူများ၏ ယုံကြည်မှု၊ အလှူဒါနပြုမှုနှင့် ရိုးရာဓလေ့များကို ဖော်ထုတ်ပြသသည့် လူမှုယဉ်ကျေးမှုအမွေအနှစ်များလည်း ဖြစ်ကြသည်။

ကုန်သွယ်ရေးနှင့် စီးပွားရေးအချက်အချာ

မန္တလေးမြို့သည် သမိုင်းဝင်မြို့တော်တစ်ခုဖြစ်ရုံသာမက အထက်မြန်မာပြည်၏ အရေးပါသော ကုန်သွယ်ရေးနှင့် စီးပွားရေးဗဟိုချက်လည်း ဖြစ်သည်။

မြို့လယ်ရှိ ဈေးချိုတော်သည် ရှေးကတည်းက ကုန်သွယ်ရေးအတွက် အရေးပါခဲ့သည့် ဈေးကြီးတစ်ခုဖြစ်သည်။ ၁၉၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည့် ဈေးချိုတော်သည် နှစ်ကာလကြာရှည်လာသော်လည်း မန္တလေး၏ ကုန်သွယ်ရေးသမိုင်းတွင် အရေးပါသော နေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။

ကုန်စည်မျိုးစုံ ရောင်းဝယ်ဖောက်ကားသည့် ဈေးများ၊ လက်လီလက်ကားလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများသည် မြို့၏ စီးပွားရေးသွက်လက်မှုကို ဖော်ဆောင်ပေးနေကြသည်။

တစ်ဖက်တွင် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကလည်း မန္တလေး၏ သမိုင်းဝင်အမွေအနှစ်များနှင့် ရိုးရာယဉ်ကျေးမှုများကို ပြည်တွင်း၊ ပြည်ပခရီးသွားများထံ မိတ်ဆက်ပေးသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။

မြို့ပြအလှအပနှင့် အနီးအနားရှိ အမွေအနှစ်များ

မန္တလေးမြို့၏ အလှအပသည် နန်းတော်နှင့် ဘုရားစေတီများတွင်သာ ရပ်တန့်မနေဘဲ။ ကန်တော်ကြီးရေကန်၊ မြို့ပြပန်းခြံများ၊ လမ်းမကြီးများနှင့် စိမ်းလန်းသော သစ်ပင်တန်းများကလည်း မြို့၏ သဘာဝအလှကို ပေါ်လွင်စေသည်။

ထို့အပြင် မန္တလေးနှင့်ဆက်စပ်နေသည့် အမရပူရမြို့ဟောင်းရှိ ဦးပိန်တံတားသည်လည်း မြန်မာနိုင်ငံ၏ ထင်ရှားသော သစ်သားတံတားတစ်စင်းဖြစ်သည်။ တောင်သမန်အင်းရေပြင်ပေါ်တွင် ဖြတ်သန်းတည်ဆောက်ထားသည့် တံတားရှည်ကြီးနှင့် နေဝင်ချိန်မြင်ကွင်းတို့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် မြင်ကွင်းများဖြစ်ကြသည်။

မန္တလေး၏ ပတ်ဝန်းကျင်ဒေသများတွင်လည်း ရှေးဟောင်းမြို့ပြများ၊ ဘာသာရေးအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိနေခြင်းက မြို့၏ ခရီးသွားဆွဲဆောင်မှုကို ပိုမိုကျယ်ပြန့်စေသည်။

မန္တလေး၏ တန်ဖိုးသည် အဆောက်အအုံများထက် ပိုမိုနက်ရှိုင်းသည်

မန္တလေးမြို့ကို ဓာတ်ပုံတစ်ပုံချင်းစီဖြင့် ကြည့်ရှုလေ့လာပါက မြို့တစ်မြို့၏ အလှအပကိုသာ မြင်တွေ့ရမည်မဟုတ်ပေ။ သမိုင်းတစ်ခု၊ ယဉ်ကျေးမှုတစ်ခု၊ ယုံကြည်မှုတစ်ခုနှင့် မျိုးဆက်အဆက်ဆက် လက်ဆင့်ကမ်းလာသည့် အနုပညာတစ်ရပ်ကိုပါ မြင်တွေ့နိုင်မည်ဖြစ်သည်။

နန်းတော်နှင့် ကျုံးတို့က မင်းနေပြည်တော်သမိုင်းကို ပြောပြနေသကဲ့သို့ စေတီပုထိုးများက ဗုဒ္ဓဘာသာသာသနာ၏ အမွေအနှစ်ကို ဖော်ပြနေသည်။လက်မှုပညာရှင်များ၏ လက်ရာများက ရိုးရာ အနုပညာကို အသက်ဆက်စေပြီး ဈေးများနှင့် စီးပွားရေးလုပ်ငန်းများကလည်း မြို့၏ နေ့စဉ်ဘဝကို လည်ပတ်စေသည်။

ထို့ကြောင့် မန္တလေး၏ ဂုဏ်သတင်းသည် နောက်ဆုံးမင်းနေပြည်တော်ဟူသော သမိုင်းအမှတ်အသားတစ်ခုတည်းဖြင့် ပြည့်စုံမသွားပေ။ ဗုဒ္ဓဘာသာသာသနာ၊ မြန်မာ့ရိုးရာအနုပညာ၊ လက်မှုပညာ၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုတို့ ပေါင်းစည်းတည်ရှိနေသည့် မြို့တစ်မြို့ဖြစ်ခြင်းကသာ မန္တလေး၏ ထူးခြားသော အမှတ်သညာဖြစ်သည်။

မန္တလေးသည် အတိတ်၏ ဂုဏ်သိက္ခာကို သယ်ဆောင်ထားသလို လက်ရှိ မျိုးဆက်၏ နေ့စဉ်ဘဝနှင့်အတူ ရှင်သန်နေသည့် မြန်မာ့ယဉ်ကျေးမှုမြို့တော်တစ်ခုလည်း ဖြစ်သည်။



ရွှေမန်း

လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေးရှင်းလင်း

မိတ္ထီလာ နိုဝင်ဘာ ၁၉

မိတ္ထီလာမြို့နယ်ရှိ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမို ကျွမ်းကျင်လာစေရန်နှင့် ပြည်သူများကို ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်စေရေးအတွက် မိတ္ထီလာမြို့နယ် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူငါးဦးအား အသိပညာပေးရှင်းလင်းခြင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် နိုဝင်ဘာ ၁၈ ရက်က ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများအနေဖြင့် ၁၈၇၀ ပြည့်နှစ် ရုံးခွန်အက်ဥပဒေ၊ ၁၈၉၉ ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ နည်းဥပဒေများ၊ ပြည်တွင်း အခွန်များဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေးတို့ကို မိတ္ထီလာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးလွင်နိုင်ဦးက အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(၄၅၃)

o–o–o–o–o



အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ပုသိမ်ကြီး နိုဝင်ဘာ ၁၉

မန္တလေး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ပြည်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိစေရန် ရည်ရွယ်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီက မြို့မဈေးတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်တွင် အယ်လ်နီညိုဆိုတာ ဘာလဲ၊ ဖြစ်ပေါ်နိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျန်းမာရေးကဏ္ဍများအပေါ် အကျိုးသက်ရောက်မှုများ၊ ဂေဟစနစ်အပေါ် သက်ရောက်မှုများနှင့် ဆောင်ရန်၊ ရှောင်ရန်များ စသည့် အကြောင်းအရာများ ပါဝင်သည်။ အဆိုပါ လက်ကမ်းစာစောင်မြန်ဆေခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင် စုစုပေါင်းစောင်ရေ ၂၅၀ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(ရွှေရန်ကင်း)







ကလေးစာဖတ်ခန်း၌ ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် အစီအစဉ် ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်၊ ကလေးစာဖတ်ခန်း၌ ကလေးသူငယ်များ စာဖတ်ခြင်းဖြင့် အသိပညာနှင့် စိတ်ကူးဉာဏ်များ ဖန်တီးတတ်စေရန်၊ မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ ယမန်နေ့ ညနေ ၃ နာရီက ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် အစီအစဉ်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ပြည်သူ့စာကြည့်တိုက်၏ အလုပ်လုပ်ပုံ၊ အသုံးပြုပုံ၊ အသင်းဝင်ကတ်များ လုပ်ဆောင်ပုံ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်မှ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကလေးသူငယ်များအား အသိပညာအုပ်များ ဖတ်ပြရှင်းလင်းပြောကြားခဲ့ပြီး ကလေးစာဖတ်ခန်းတွင် ပြည်ကြီးတံခွန်မြို့နယ် အောင်မြင်ခြင်းမူကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် အစီအစဉ်ဖြင့် စာများဖတ်ရှုခြင်း၊ ရုပ်ပုံဆေးရောင်ခြယ်ခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းနောက် စကြည့်တိုက်တွင် ပြည်ကြီးတံခွန်မြို့နယ် အောင်မြင်ခြင်း မူကြိုကျောင်းမှ ဆရာမဒေါ်အိအိဖြူနှင့် အဖွဲ့ဝင်များအား မန္တလေးခရိုင်မှ ဒုတိယဦးစီးမှူး ဒေါ်ထူးမြတ်ဇင်နှင့် စာကြည့်တိုက်မှူး ဒေါ်ခင်မာဦးတို့က DLMS ဖြင့် စာအုပ်ရှာဖွေနည်း၊ Shwe Note app ၏ အသုံးပြုပုံ၊ သတင်းများကြည့်ရှုနည်း၊ m tube app အသုံးပြုကြည့်ရှုနည်းများကို ရှင်းလင်းပြောကြားပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ လက်ကမ်းစာစောင်များကို မြန်ဆေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
(၀၇၅)

o–o–o–o–o



ဖတ်စရာ၊ မှတ်စရာ ခုံလင်း ဖြန်းတီးသူ

အေးချမ်းသာယာ အညာရွာ

* တို့မြန်မာ အညာကျေး
တို့ဘေးတို့ ဇာတိရွာ
အေးချမ်းသာယာ။
* သူ့အရေး ကိုယ့်မြေးပမာ
ဆွေးနွေးကာ ဆောင်ရွက်
သစ္စာပေါ် မေတ္တာမိုး
ဖွဲ့ဖြိုးတိုးတက်။
* တို့အညာ ရွာကျေးက
မွေးခဲ့ကြ ဇာတိရွာ
ဝ ပြော ဝေဆာ။
* ပြောဆိုကြ ပီယဝါစာ
နာပျော်ဖွယ် ချိုအေး
အမှားပါလျှင် ခွင့်လွှတ်
နတ်ချစ်တဲ့ ဆေး။
* တို့ရပ်ရွာ ယခင်ရေး
ယဉ်ကျေးစွ မြမူရာ
လှသူ ဝေဖြာ။
* စဉ်သိမ်မွေ့ ကြင်ကြင်နာ
ဖော်ရွေစွာ ဖိတ်ကြား
ခင်မင်သူ သဟာဆွေကို
လာစေချင်သား ။ ။

ဒဒိမ်တင်အေး(ပုလဲ)

လူငယ်စကားဝိုင်း ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၉

အနာဂတ်ကာလ မျိုးဆက်သစ်လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအလယ်တန်းကျောင်း-လေ့ကျင့်ရေးတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အဆိုပါကျောင်းရှိ ခန်းမဆောင်၌ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။**(အောက်ဝဲပုံ)**

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း-လေ့ကျင့်ရေးကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မာအေးက အဖွင့်အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

